# မာတိကာ

## ဘုရားပင့်ခန်း

၁ ။ စိန်ရောင်ခြည် ဘုရားပင့်
ပါဠိ၊ အသံထွက်နှင့် အနက်အဓိပ္ပာယ် ၉

## နတ်ဖိတ်ခန်း

၁ ။ နတ်ဖိတ်အမွှမ်း
ပါဠိ၊ အသံထွက်နှင့် အနက်အဓိပ္ပာယ် ၁၃

## သီလဆောက်တည်ခန်း

၁ ။ သီလဆောက်တည်ရာတွင်
ရွတ်ဆိုရမည့် အစီအစဉ် ... ... ... ... ၁၇
၂ ။ ငါးပါး၊ ရှစ်ပါး၊ ကိုးပါးသီလ
ဆောက်တည်ခန်း ... ... ... ... ... ... ၁၈



## ကပ်လှူပူဇော်ခန်း

၁ ။ ဆွမ်းတော်ကပ် ... ... ... ... ... ... ၃၇
၂ ။ ရေချမ်းတော်ကပ် ... ... ... ... ... ... ၃၉
၃ ။ ဆီမီးတော်ကပ် ... ... .... ... ... ... ... ၄၀
၄ ။ ပန်းတော်ကပ် ... ... ... ... ... ... ၄၂

## မေတ္တာပို့ခန်း

၁ ။ မေတ္တာပို့ခြင်း[ဒိသာဖရဏာမေတ္တာပို့] ... ၄၅
၂ ။ မေတ္တာဘာဝနာ တစ်ဆယ့်တစ်မျိုး ... ... ၄၉

## နတ်ပို့ခန်း

၁ ။ နတ်ပို့ပါဠိနှင့် အသံထွက် ... ... ... ... ၅၃

## ဆုတောင်းနှင့် အမျှဝေခန်း

၁ ။ ဆုတောင်းရန်ပါဠိနှင့် အသံထွက် ... ... ၅၅
၂ ။ အမျှဝေစာတမ်း ... ... ... ... ... ... ၅၆

## စည်းချခန်း

၁ ။ စည်းချ ဂါထာတော်
ပါဠိနှင့် အသံထွက် ... ... ... ... ... ၅၉

## ဘုရားရှိခိုးခန်း

၁။ ဘုရားဂုဏ်တော်ကိုးပါး
ပါဠိနှင့် အသံထွက် ... ... ... ... ... ၆၅
၂။ တရားဂုဏ်တော်ခြောက်ပါး
ပါဠိနှင့် အသံထွက် ... ... ... ... ... ၆၆
၃။ သံဃာ့ဂုဏ်တော်ကိုးပါး
ပါဠိနှင့် အသံထွက် ... ... ... ... ... ၆၇
၄။ လယ်တီခုနစ်နေ့ ဘုရားရှိခိုး ... ... ... ၆၉

## ဘုရားအနေကဇာတင်ခန်း

၁။ အနေကဇာတိသံသာရံ
ဂါထာတော်ပါဠိနှင့် အသံထွက် ... ... ၇၃
၂။ ပဋိစ္စသမုပ္ပါဒ်အနုလုံ ပါဠိနှင့် အသံထွက် ၇၅
၃။ ဥဒါန်း ဂါထာတော် ပါဠိနှင့် အသံထွက် ၇၇
၄။ ပဋိစ္စသမုပ္ပါဒ် ပဋိလုံ ပါဠိနှင့် အသံထွက် ၇၇
၅။ ဥဒါန်းဂါထာတော် ပါဠိနှင့် အသံထွက် ၇၉
၆။ ပဋိစ္စသမုပ္ပာဒ် အနုလုံပဋိလုံ
ပါဠိနှင့် အသံထွက် ... ... ... ... ... ၈၀
၇။ ဥဒါန်းဂါထာတော် ပါဠိနှင့် အသံထွက် ၈၄



၈။ ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်း ဥဒ္ဒေသ
ပါဠိနှင့် အသံထွက် ... ... ... ... ၈၄
၉။ အောင်ဂါထာတော် ပါဠိနှင့် အသံထွက် ၈၆

## ပရိတ်ကြီး ပါဠိနှင့် အသံထွက်

၁။ မင်္ဂလသုတ် ... ... ... ... ... ... ... ၉၆
၂။ ရတနသုတ် ... ... ... ... ... ... ... ၁၀၄
၃။ မေတ္တသုတ် ... ... ... ... ... ... ... ၁၁၈
၄။ ခန္ဓသုတ် ... ... ... ... ... ... ... ၁၂၃
၅။ မောရသုတ် ... ... ... ... ... ... ... ၁၂၈
၆။ ဝဋ္ဋသုတ် ... ... ... ... ... ... ... ၁၃၁
၇။ ဓဇဂ္ဂသုတ် ... ... ... ... ... ... ... ၁၃၄
၈။ အာဋာနာဋိယသုတ် ... ... ... ... ... ၁၅၃
၉။ အင်္ဂုလိမာလသုတ် ... ... ... ... ... ... ၁၆၇
၁၀။ ဗောဇ္ဈင်္ဂသုတ် ... ... ... ... ... ... ... ၁၆၉
၁၁။ ပုဗ္ဗဏှသုတ် ... ... ... ... ... ... ... ၁၇၄

## ပဋ္ဌာန်း ပါဠိနှင့် အသံထွက်

၁။ ပဋ္ဌာန်းအမွှမ်း ... ... ... ... ... ... ... ၁၈၅
၂။ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ... ... ... ... ... ... ၁၈၆

၃။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ... ... ... ... ... ၁၈၉

### ဓမ္မစကြာသုတ် ပါဠိနှင့် အသံထွက်

၁။ ဓမ္မစကြာသုတ် အမွှမ်း ...... ... ... ... ၂၅၃
၂။ ဓမ္မစကြာသုတ် ... ... ... ... ... ... ၂၅၅

### အနတ္တလက္ခဏသုတ် ပါဠိနှင့် အသံထွက်

၁။ အနတ္တလက္ခဏသုတ် အမွှမ်း ... ... ... ၂၈၉
၂။ အနတ္တလက္ခဏသုတ်... ... ... ... ... ၂၉၀

### မဟာသမယသုတ် ပါဠိနှင့် အသံထွက်

၁။ မဟာသမယသုတ် အမွှမ်း ... ... ... ... ၃၁၅
၂။ မဟာသမယသုတ် ... ... ... ... ... ... ၃၁၇

### ဓာရဏပရိတ် ပါဠိနှင့် အသံထွက်

၁။ ဓာရဏပရိတ် ... ... ... ... ... ... ... ၃၆၃

### ပရိမိတ္တဇာလသုတ် ပါဠိနှင့် အသံထွက်

၁။ ပရိမိတ္တဇာလသုတ် ... ... ... ... ... ၃၇၅

### အဘိဏှသုတ် ပါဠိနှင့် အသံထွက်

၁။ အဘိဏှသုတ် ... ... ... ... ... ... ... ၃၈၃



### သမ္ဗုဒ္ဓေ ငါးမျိုး ဂါထာ ပါဠိနှင့် အသံထွက်

၁။ အရှေ့ကျွန်း သမ္ဗုဒ္ဓေ ... ... ... ... ... ၃၈၉
၂။ မြောက်ကျွန်း သမ္ဗုဒ္ဓေ ... ... ... ... ... ၃၉၀
၃။ အနောက်ကျွန်း သမ္ဗုဒ္ဓေ ... ... ... ... ၃၉၂
တောင်ကျွန်း သမ္ဗုဒ္ဓေ ... ... ... ... ... ... ၃၉၃
၅။ အောင် သမ္ဗုဒ္ဓေ ... ... ... ... ... ... ၃၉၅

### နတ်ချစ်ဂါထာတော်များ၊ သရဏဂုံ ပုတီးစိပ်၊ အရဟံဂုဏ်တော်ပုတီးစိပ်နှင့် ဂုဏ်တော်ကွန်ချာ

၁။ တောင်တန်းဆရာတော်ကြီး ရွတ်ပွားပုံ ... ၃၉၇
၂။ အဖိုးတန်နတ်ချစ်ဂါထာတော်များ ... ၃၉၉
၃။ သရဏဂုံပုတီးစိပ် ... ... ... ... ... ... ၄၀၄
၄။ အရဟံဂုဏ်တော်ပုတီးစိပ် ... ... ... ... ၄၀၅
၅။ ဂုဏ်တော်ကွန်ချာ ... ... ... ... ... ... ၄၀၇

### ရှင်အရဟံ ပုတီးစိပ်

၁။ ရှင်အရဟံပုတီးစိပ် ... ... ... ... ... ၄၁၅

### ပါဠိစာလုံးဆင့်ဖတ်နည်း

၁။ ပါဠိစာလုံးဆင့်ဖတ်နည်းလင်္ကာ ... ... ၄၁၇

## ဘုရားပင့်ခန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**
(နမော တတ်သ ဘဂဝတော အရဟတော သမ်မာသမ်ဗုတ်ဓတ်သ။)

*[၃ကြိမ်ရွတ်ဆိုရန်]*

## စိန်ရောင်ခြည်ဘုရားပင့် ပါဠိ၊အသံထွက်နှင့်အနက်အဓိပ္ပာယ်

**အင်္ဂီရသဿ ဥဏှာယ၊**
(အင်ဂီရသတ်သ အုန်နာယ၊)
**ဒါဌာဟိ သေတရံသိယော။**
(ဒါထာဟိ သေတရံသိယော။)
**ဝဇိရာဝ ဝိရောစန္တိ၊**
(ဝဇိရာဝ ဝိရောစန်တိ၊)



**ဇိနော မေ ဌာတု သီသကေ။**
(ဇိနော မေ ထာတု သီသကေ။)

**အင်္ဂီရသဿ** – အယုတ်, အလတ် အမြတ်ပိုင်းခြား လွန်ကြီးမား၍ သုံးပါးဆယ်လီ ပါရမီတော်အဟုန် စာဂီတော်ဂုဏ်တို့ကြောင့် ခြောက်ရောင်စုံ ကွန့်မြူး လျက် “အင်္ဂီရသ”ဆိုတဲ့ဘွဲ့ထူးကို အံ့ကျူး ခံ့ခိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။

**ဘမုကန္တရေ** – မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟို တည့်တည့်၌။

**သဉ္ဇာတာယ** – နုဖြူထွားထွား ကောင်းစွာပေါက်ဖွား ဖြစ်ပေါ်၍ လာတော်မူသော။

**ဥဏှာယ စ** – ဆွဲလို့ဆန့်လျှင် နှစ်တောင်ခန့် ရှည်လျား သဖြင့် စိန်သားနှစ်အသွင် ငွေနန်းချည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ယာရစ်ခွေရံ စိန်ကြယ်ပွင့် အနေပုံလို ဥဏ္ဏာလုံခေါ် မွေးရှင်တော်ဓာတ် လွန်ထူး မြတ်သည့် အရပ်တော်မှလည်းကောင်း။

**ဒါဋ္ဌာဟိစ** – ပတ္တမြားခေါင်ရန်း နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်း တော်တို့ဖြင့် မပေါ်အောင် ဖုံးပိတ်၍ ထားအပ်သော သွားတော် လေးဆယ်, စွယ်တော်လေးဆူ ဖြူရာရာ ဓာတ်တော်ထူးတို့မှ လည်းကောင်း။

**သေတရံသိယော** – ပုလဲအနှစ် စိန်စစ်နမူ ဘော်ဖြူ ငွေရွက် ဖြန့်ကြက်စီ ခြယ် ငွေကြယ်ရောင်သမ်း ကေလာသငွေတောင်ကို နေအရောင် လွှမ်းဘိသကဲ့သို့ မြတ်လေးပန်းစံပယ်ငုံ ကြာဖြူပွင့်ဝတ်မှုန်လို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင်ဟပ်ဘိသကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ်, တရိပ်ရိပ် တလည်လည်, ထိန်ပြောင်ကြည်တဲ့ စိန်ရောင်ခြည်ဓာတ် ဖြူဖွေးသော အဆင်းတော်မြတ်တို့သည်။

**ဝဇိရာဝ** – စိန်နှစ်, စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီး ကဲ့သို့။

**ဝိရောစန္တိ** – ဖူးမြင်ရသူတို့၏ စိတ်ဝယ်အထူး ဘဝင်မှာကြည်နူး လောက်အောင် ရှင်မြူးတက်ကြွ



ဘက်မမျှသဖြင့် လှပဆန်းကြယ် တင့်တယ်တော်မူ ကြပါပေကုန်၏။

**သောဘိနော** – ထူးထွေဆန်းလည် စိန်ရောင်ခြည်တို့ ကြောင့် အင်္ဂီရသံ ဘွဲ့ထူးခံသည့် ငါးမာရ်အောင်ပြီး ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီး သည်။

**မေ မမ** – ရုပ်နှင့် နာမ်သာ ထိုနှစ်ဖြာကို သက္ကာယစွဲ အထင်လွဲ၍ ငါပဲသမုတ် အကျွန်ုပ်၏။

**သီသကေ** – ဦးခေါင်းရတနာ မြတ်ရာထားတင် ဦးထိပ်ပြင်၌။

**ဌာတု** – ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေမှု မေတ္တာပြု၍ ကြည့်ရှုကိုယ်တိုင် ခိုင်ခိုင်မတ်မတ် တန့်ရပ်တည် နေတော်မူလှည့်ပါ့ စိန်ရောင်ခြည် နေတနှုန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

*[လယ်တီပဏ္ဍိတ - ဦးမောင်ကြီး]*

# နတ်ဖိတ်ခန်း

## နတ်ဖိတ်အမွှန်းပါဠိအသံထွက်နှင့်အနက်အဓိပ္ပာယ်

**သမန္တာ စက္ကဝါဠေသု၊**
(သမန်တာ စက်ကဝါလေသု၊)
**အတြာ'ဂစ္ဆန္တု ဒေဝတာ။**
(အတ်တရာဂစ်ဆန်တု ဒေဝတာ။)
**သဒ္ဓမ္မံ မုနိရာဇဿ၊**
(သတ်ဓမ်မံ မုနိရာဇတ်သ၊)
**သုဏန္တု သဂ္ဂမောက္ခဒံ။**
(သုဏန်တု သက်ဂမောက်ခဒံ။)



**ဓမ္မဿဝန ကာလော အယံ ဘဒ္ဒန္တာ။**
(ဓမ်မတ်သဝန ကာလော အယံ ဘတ်ဒန်တာ။)

**သမန္တာ** – မြေမဟီချာ ရေသီတာနှင့် ဒီပါလေးကျွန်း မြင်းမိုရ်ထွန်းသား စက်ဝန်းအသွင် ဤစကြဝဠာ၏ ထက်ဝန်းကျင်မှ။

**စက္ကဝါဠေသု** – ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သော တောင်စကြဝဠာ ကာရံ ကျောက်စိုက် ဝန်း၍ဝိုက်သော တိုက်ဓာတိပေါင်း တစ်သောင်းသော လောကဓာတ်တို့၌။

**ဝသန္တာ** – ဒေဝိဒ္ဓိဂုဏ် အင်စုံညီမျှ နေထိုင်ကြကုန်သော။

**ဒေဝတာ** – အာဏာလွှမ်းမိုး တန်ခိုးကြီးမြတ် အနတ်နတ်တို့သည်။

**အတြ** – ပရိတ်တော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ရာ ဤနေရာသို့။

**အာဂစ္ဆန္တု** – အားလုံးအားလုံး ပေါင်းရုံးအများ သဒ္ဓါပွားလျက် တရားတော်နာ လာရောက်ကြပါကုန်လော့။

**မုနိရာဇသေ** – အရဟန္တ သာဝကနှင့် ပစ္စေကမုနိ အစရှိသော မုနိတကာတို့၏ ထိပ်ပန်း, ရဟန်းတကာတို့၏ သရဖူ, လူတကာတို့၏ သင်းကျစ်, နတ်တကာတို့၏ အဆင်တန်ဆာ, ဗြဟ္မာတကာတို့၏ ဦးသျှောင် ငါးမာရ်အောင်သော မင်းခေါင်မင်းဖျား မင်းတရားကြီးဘုရား၏။

**သဂ္ဂမောက္ခဒံ** – နတ်ဝေဇယန် ငွေကဒေါ်နှင့် နေရဗာန်ရွှေဘုံ ဇေယျခုံသို့ လှုံစေလသေး အကျိုးကို ပေးတတ်သော။

**သဒ္ဓမ္မံ** – သံဝိဇ္ဇမာန သဒ္ဓမ္မနှင့် ပသဋ္ဌဂုဏ် အင်စုံညီညွတ် တုလွတ် အကျော် ပရိတ်ဟုဆိုအပ်သော တရားတော်ကို။

**သုဏန္တု** – မိစ္ဆာဝိတက် မငြိယှက်ဘဲ ပြည့်နှက်အာရုံ မှတ်သားနာခံကြ ပါကုန်လော့။

*(မြင်းခြံမူ မဟာပရိတ်တော်ကြီးနိဿယသစ်မှ)*

## သီလဆောက်တည်ခန်း

### သီလဆောက်တည်ရာတွင်ရွတ်ဆိုရမည့်အစီအစဉ်

သီလဆောက်တည်သူသည် ဤအခန်းတွင်ပါသည့် ခေါင်းစဉ်များကို အစဉ်လိုက်အတိုင်း ရွတ်ဆိုရပါမည်။ သရဏဂုံနှင့်တကွ သီလ တောင်းခံပုံ ပါဠိနှင့် အနက်အဓိပ္ပါယ် ခေါင်းစဉ်ရောက်ပါက မိမိယူမည့် သီလနှင့်ဆိုင်သော စာပိုဒ်များကိုသာ ရွတ်ဆိုရန်ဖြစ်ပါသည်။



## ငါးပါး ရှစ်ပါး ကိုးပါး သီလဆောက်တည်ခန်း

### ရှိခိုးဦးချခန်း

ပထမဦးစွာ ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့အား ရှိခိုးဦးချရပါမည်။ ထိုသို့ဦးချရာတွင် ခြေ, လက်, နဖူး, တံတောင်, ဒူးတို့သည် ကြမ်းပြင်နှင့်ထိလျက် အောက်ပါအတိုင်း ပါဠိ, မြန်မာရွတ်ဆိုကာ ရှိခိုး ဦးချရပါမည်။

**ဗုဒ္ဓံ ပူဇေမိ၊**
(ဗုတ်ဒံ ပူဇေမိ၊)

**ဓမ္မံ ပူဇေမိ၊**
(ဓမ်မံ ပူဇေမိ၊)

**သံဃံ ပူဇေမိ၊**
(သံဃံ ပူဇေမိ၊)

## ဩကာသကန်တော့ခန်း

*(ကန်တော့သူက ဆိုရန်)*

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ, ဝစီကံ, မနောကံ, သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ, ဒုတိယ, တတိယ တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ် သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသန တရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။



## သရဏဂုံနှင့်တကွ ငါးပါးသီလ တောင်းခံပုံပါဠိနှင့် အသံထွက်

*(ကန်တော့သူက ဆိုရန်)*

**အဟံ ဘန္တေ တိသရဏေန သဟ**
**ပဉ္စသီလံ**
**ဓမ္မံ ယာစာမိ၊**
**အနုဂ္ဂဟံ ကတွာ**
**သီလံ ဒေထ မေ ဘန္တေ။**
(အဟန် ဘန်တေ တိသရနေန သဟ
ပင်စသီလံ
ဓန်မန် ယာစာမိ၊
အနုတ်ဂဟန် ကတ်တဝါ
သီလံ ဒေထ မေ ဘန်တေ)
**ဒုတိယမ္ပိ**
**အဟံ ဘန္တေ တိသရဏေန သဟ**
**ပဉ္စသီလံ**
**ဓမ္မံ ယာစာမိ၊**
**အနုဂ္ဂဟံ ကတွာ**
**သီလံ ဒေထ မေ ဘန္တေ။**